# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး
# တတိယနေ့ အစီအစဉ်
# [ ၁၈- ၁၁ - ၂၀၁၆ ]
# ( သောကြာနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် တတိယနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း -

(က) ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နှင့်ရွှေသောင်ယံမြို့သို့ ဆက်သွယ်သောလမ်းရှိ ဆိပ်ကြီး-ရွှေသောင်ယံ လမ်းပိုင်း ၁၄ မိုင် ၆ ဖာလုံ အား ရာသီမရွေး ကားသွားနိုင်သော ကျောက်ချောလမ်းအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့် ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်တွင် ကုန်ကားကြီးများ လွတ်လွတ်ကင်းကင်း သွားလာနိုင်သည့် မြို့ရှောင်လမ်း ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်နှင့် ရှမ်းရွာသစ်မြို့ ဆက်သွယ်ထားသော ၂၅ မိုင်ရှိ မြို့နယ်ချင်းဆက်လမ်းအား ကတ္တရာလမ်းအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အပြီးဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့ မြို့ရှောင်လမ်း ဖောက်လုပ်ရာတွင် လမ်းဧရိယာအတွင်း ပါဝင်သွားသော လယ်ယာမြေများအတွက် တောင်သူများ နစ်နာဆုံးရှုံးမှု** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကလေးဝ - ကျီကုန်း - ကလေးမြို့ ကားလမ်းမကြီးအား ရေရှည်တည်တံ့ အသုံးပြုနိုင်ရန်အတွက် နိုင်ငံတော်အစိုးရမှ ရေတိုရေရှည် စီမံကိန်းများချမှတ်၍ အဆင့်မြှင့်တင် ဆောင်ရွက်သွားရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် စတုတ္ထနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။